## အခန်း (၅)
## အထွေထွေ

၁၉။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းကို ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၂၀။ ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ကဏ္ဍအလိုက် စီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို ဘက်ပေါင်းစုံမှအစီအမံများ ချမှတ်ကျင့်သုံး ဆောင်ရွက်ရန်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) အုန်းမြင့်
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

# ၂၀၁၂-၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ
## ( ၂၀၁၂ ခုနှစ်၊ ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၃။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၉ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ နှင့်အညီ မွန်ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ မွန်ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို မွန်ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့်အတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၂-၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာနှစ်အတွက် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ပြည်နယ်အတိုင်းအတာအရ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုသည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ်တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍ (၁၄) ခုကို ဆိုသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ (၁၄) ခုကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းစကားရပ်တွင် လယ်ယာကဏ္ဍကြီးဖြစ်သော လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ၊ စက်မှုကဏ္ဍကြီးဖြစ်သော စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီးဖြစ်သော ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ ပါဝင်သည်။

## အခန်း (၂)
## ဦးတည်ချက်

၄။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့်အရင်းအနှီးကုန်ကြမ်းများကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ရေး၊

(ခ) အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှုရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(ဂ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၅။ မွန်ပြည်နယ်အစိုးရမှ ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါမည် -

(က) ပုံမှန်ဈေးနှုန်းအရ စီးပွားရေးတိုးတက်မှုနှုန်းကို ၈. ၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ၁ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈. ၁ ရာခိုင်နှုန်းမှ ၃၆. ၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၄. ၂ ရာခိုင်နှုန်းမှ ၂၅. ၁ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၇. ၇ ရာခိုင်နှုန်းမှ ၃၈. ၆ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရန်၊

(ဂ) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၃. ၀ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁၂. ၆ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁၁. ၀ ရာခိုင်နှုန်းအသီးသီး တိုးတက်စေရန်၊

(ဃ) ကုန်သွယ်မှုကဏ္ဍ တိုးတက်မှုနှုန်းကို ၆. ၈ ရာခိုင်နှုန်း တိုးတက်စေရန်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်

၆။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒ**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရေး၊

(၂) လေ့ကျင့်ပညာပေးရေး၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍဆိုင်ရာကိန်းဂဏန်းများ မှန်ကန်ရန်နှင့် မြေကြီးမြေပုံနှင့် သီးနှံစိုက်ဧရိယာများ မှန်ကန်ရန်၊

(၂) စပ်မျိုးစပါး၊ စပ်မျိုးနေကြာမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရန်၊

(၃) ကြံ၊ ရော်ဘာ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ စသည့် သီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်နှင့် မွန်ပြည်နယ် ရေမြေသဘာဝနှင့်ကိုက်ညီသည့် ဥယျာဉ်ခြံသီးနှံ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးသွားရန်၊

(၄) စံပြစက်မှုလယ်ယာကွက်များကို ဆက်လက်တိုးချဲ့ဖော်ထုတ်သွားရန်၊

(၅) အကျိုးပြုဧရိယာဧက (၂၉၁၀၀) ရှိသော ဆည်ရေပေးရေးလုပ်ငန်း (၆) ခုအား သတ်မှတ် ရေလှောင်ပမာဏရရှိရေးအတွက် နှစ်စဉ်ထိန်းသိမ်းဆောင်ရွက်သွားရန်၊

(၆) စိုက်ပျိုးရေးဘွဲ့ရ ပညာရှင် (၃၆) ဦး (နှစ်ရှည်သီးပင်အထူးပြု)၊ စိုက်ပျိုးရေးဆိုင်ရာဒီပလိုမာ လက်မှတ်ရပညာရှင် (၁၅၀) ဦးအား မွေးထုတ်ရန်၊

(၇) နှစ်ချင်း၊ နှစ်ရှည်သီးနှံသုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်သွားရန်၊

(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) **လုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့်မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်းကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်သွားမည်။ ၂၀၁၂- ၂၀၁၃ ခုနှစ်တွင် ဘီးလင်းမြို့နယ်နှင့် ပေါင်မြို့နယ်တို့တွင် ကွင်းပေါင်း (၃၃) ကွင်းရှိ ဧရိယာ (၁၅၆၈၀) ဧကကို တိုင်းတာဆောင်ရွက်သွားမည်။

(၂) စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားမည်။ မွန်ပြည်နယ်တွင် (၁၀၀) ဧက စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်သွားနိုင်ရေးအတွက် ဆန်စပါးအထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏ အင်အားကို ရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့်ပညာရှင်များနှင့် ကူညီဆောင်ရွက်သွားမည်။

(၃) ရေမြေဒေသနှင့်ကိုက်ညီသော စပါးသီးနှံ၊ နေကြာသီးနှံစပ်မျိုးများ၊ ဆားငန်ဒဏ်ခံ စပါးမျိုးများအား သုတေသနပြုစမ်းသပ်ဆောင်ရွက်မည်။

(၄) တောင်သူပညာပေးလုပ်ငန်းများ၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာကိုင်တွယ်အသုံးပြုနည်းသင်တန်းများ ဆောင်ရွက်သွားမည်။

(၅) စိုက်ပျိုးရေးဆိုင်ရာဒီပလိုမာလက်မှတ်ရ ပညာရှင် (၁၅၀) ဦးအား မွေးထုတ်ပေးမည်။

(၆) ရာသီသီးနှံ၊ နှစ်ရှည်သီးနှံ သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်သွားမည်။

(၇) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေ ကျပ်သိန်း (၁၀၈၇၄၀) ကို ထုတ်ချေးသွားမည်။

(၈) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၉) လယ်ယာထွက်ကုန်ပစ္စည်းများ သင့်တင့်မျှတသောတန်ဖိုးရရှိရေး ကူညီဆောင်ရွက်သွားမည်။

၇။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒမှာ**အောက်ပါအတိုင်းဖြစ်သည် -

- ငါးနှစ်စီမံကိန်း ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်းဒုတိယနှစ် (၂၀၁၂-၂၀၁၃) ခုနှစ် လျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်ရန်။

(ခ) **ရည်မှန်းချက်မှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) အသားထုတ်လုပ်မှုကို တစ်နှစ် ၅. ၉၇ ရာခိုင်နှုန်း တိုးတက်ရရှိစေရန်၊

(၂) ငါးထုတ်လုပ်မှုကို ကာလတို ငါးနှစ်စီမံကိန်း၏ ပထမနှစ်ထက် ၂. ၅၃ ရာခိုင်နှုန်း တိုးတက်ရရှိရန်။

(ဂ) **လုပ်ငန်းစဉ်များမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများရယူခြင်း၊ မွေးမြူရေးချေးငွေရရှိနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်သွားမည်။

(၂) ပြည်ပဈေးကွက်ပိုမိုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးတို့အတွက် တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက် ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ်လျှော့ချပြီး အရည်အသွေးပြည့်မီရေး ဖြည့်ဆည်းဆောင်ရွက် သွားမည်။

(၃) မွေးမြူရေးဆိုင်ရာအခြေခံကိန်းဂဏန်း အချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေးကို ဆောင်ရွက်သွားပြီး မွေးမြူထုတ်လုပ်ရေးတိုးတက်မှုရရှိစေရေးအတွက် ထိရောက်စွာ ကြီးကြပ် ဆောင်ရွက်သွားမည်။

(၄) တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများကို ဈေးကွက်တွင် ဈေးကွက်ဝေစုပိုမိုရရှိရေးအတွက် ထိုးဖောက်ဆောင်ရွက်သွားမည်။

(၅) စိုက်ပျိုးချိန် စောင့်ဆိုင်းနေသောကာလတွင် ကျေးလက်နေပြည်သူများအတွက် အပိုဝင်ငွေ ရရှိရန် ပေါင်းစည်းလယ်ယာစနစ် ပေါ်ထွက်လာစေရေး တွန်းအားပေးဆောင်ရွက်သွားမည်။

(၆) နိုင်ငံခြားငွေတိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါး၊ ပုစွန်တိုးချဲ့တင်ပို့နိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင် များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်သွားမည်။

(၇) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာသယံဇာတများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဆောင်ရွက်သွားမည်။

(၈) ရေချိုငါးပုစွန်မွေးမြူထုတ်လုပ်ရေး တိုးတက်စေရန် ရေချိုပုစွန်သီးသန့်မွေးမြူရေးမှ ငါးနှင့် ပုစွန်ရောနှောမွေးမြူရေးသို့ တိုးချဲ့မွေးမြူဆောင်ရွက်သွားမည်။

(၉) ငါးကဏ္ဍတိုးတက်ရေးအတွက် ငါးမျိုးစိုက်ထည့်ပေးခြင်း၊ နည်းပညာပံ့ပိုးကူညီပေးခြင်းများကို ဆောင်ရွက်သွားမည်။

(၁၀) အင်းများတွင် ငါးအထွက်နှုန်းတိုးတက်စေရေးနှင့် အင်းချောင်းများ ပျက်စီးခြင်းမှ ပြုပြင် ကာကွယ်ရေးတို့အတွက် နှစ်ရှည်ကြေးတိုင်စိုက် လုပ်ကိုင်ခွင့်ပြုသွားမည်။

(၁၁) ငါးသားပေါက် ငါးသန်များကို လှောင်အိမ်စနစ်ဖြင့် ပြုစု၍ ငါးဖျန်းအဆင့်ရောက်မှသာ ငါးမျိုးစိုက်ထည့်ခြင်း ဆောင်ရွက်သွားမည်။

(၁၂) ငါးမြစ်ချင်း ငါးမျိုးဗီဇ မြှင့်တင်ခြင်းလုပ်ငန်းကို ငါးလုပ်ငန်းဦးစီးဌာန၊ ငါးသားဖောက်စခန်း များမှ နည်းပညာဖြန့်ဖြူး၍ ပုဂ္ဂလိကနှင့် သမဝါယမသားဖောက်လုပ်ငန်းရှင်များကို ငါးမျိုး ဗီဇမြှင့်တင်ခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်အောင် စည်းရုံးပညာပေး ဆောင်ရွက်သွားမည်။

၈။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒများမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေ၊ မြေသဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများတည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတ စေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေပြည်သူတို့၏ အခြေခံ သစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့် သစ်တောများအုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက် လာစေရေး၊ သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှု လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ သစ်တောကဏ္ဍ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရေး၊

(၂) သစ်ထုတ်ရေးဌာနမှ အပ်နှံသောသစ်လုံးများအား လက်ခံရရှိပြီး အလေအလွင့်နည်းပါးရေး၊ ခွဲသားအရည်အသွေးတိုးတက်ကောင်းမွန်ရေး၊ ခွဲသားထွက်ရာခိုင်နှုန်းမြင့်မားရေး၊ နည်းစနစ်မှန်ကန်စွာခွဲစိတ်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ခွဲစိတ်ထုတ်လုပ်၍ ပြည်သူလူထုနှင့် အစိုးရဌာနများ၏ လိုအပ်ချက်များအားလည်းကောင်း၊ နယ်မြေဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများသို့လည်းကောင်း အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးရောင်းချပေးရေး၊

(၃) သစ်လုံးခွဲစိတ်ရာမှ ထွက်ရှိလာမည့်ဘေးထွက်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် လိုအပ်သောအစီအမံများဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊

(၄) နှစ်အလိုက် လျာထားသတ်မှတ်သော သစ်လုံးလက်ခံခြင်း၊ ခွဲစိတ်ခြင်း၊ ခွဲသားထွက်ရှိခြင်း၊ ခွဲသားဖြန့်ဖြူးခြင်း၊ ပြည်တွင်းဝင်ငွေစီမံချက်များအား ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်မှာ** အောက်ပါအတိုင်းဖြစ်သည် -

- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားမည်။

(၂) ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းသတ်မှတ်သွားမည်။

(၃) ရေဝေရေလဲဒေသများထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေးအတွက် တည်ထောင်ပြီး ရေဝေရေလဲစိုက်ခင်းများ ဆက်လက်ထိန်းသိမ်းထားမည်။

(၄) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျေးလက်အိမ်ရာများ၊ ကျေးရွာပိုင်သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများကို အောက်ပါအတိုင်း တည်ထောင်သွားမည် -

(ကက) ပုဂ္ဂလိကသစ်တောစိုက်ခင်းများတည်ထောင်ရေး စည်းရုံးဆောင်ရွက်ရန်၊

(ခခ) ဒီရေတောများပြုစုထိန်းသိမ်းခြင်းလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရန်၊

(ဂဂ) ရွှေ့ပြောင်းတောင်ယာပပျောက်ရေးလုပ်ငန်းများကို စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃဃ) သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) နှစ်စဉ်လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များဖြန့်ဝေပေးရေး၊ ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၆) ကျွန်းနှင့်သစ်မာများကို (နှစ်စဉ်တောထွက်) အပေါ် အခြေခံ၍ စိစစ်ထုတ်လုပ်သွားမည်။

(၇) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင်အတွင်းမှ ထုတ်ယူသုံးစွဲမည်။

(၈) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်လုပ်အင်အားတိုးမြှင့်သွားရန်နှင့် စက်ယန္တရားများဖြင့် သစ်ထုတ်ပါက သဘာဝတောတောင်များကို ထိခိုက်မှုအနည်းဆုံးဖြင့် သစ်ထုတ်နိုင်ရန် ကွင်းဆင်းစစ်ဆေးတိုင်းတာတွက်ချက်ခြင်း၊ သစ်ထုတ်ရာတွင် တောတောင်ရေမြေကို ထိခိုက်မှုအသက်သာဆုံးဖြစ်သည့် “ဆင်ဖြင့် သစ်ထုတ်ခြင်းနည်းစနစ်” အား အသုံးပြုခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်။

(၉) ပတ်ဝန်းကျင်ထိခိုက်မှုကို သက်သာစေသောသစ်ထုတ်လမ်းများ ဖောက်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်သွားမည်။

(၁၀) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်ကို အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုသက်သာစေသော သစ်ထုတ်ခြင်းနည်းစနစ်လမ်းညွှန်ချက်များအတိုင်း သစ်ထုတ်နည်းလမ်းများကို လိုက်နာဆောင်ရွက်သွားမည်။

(၁၁) ရောင်းတန်းဝင်သစ်မျိုးများနှင့် လူသုံးနည်း သစ်မျိုးများကို တွဲဖက်ထုတ်လုပ်သွားမည်။

(၁၂) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍများတွင် သစ်အခြေခံစက်မှုလုပ်ငန်းများ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်သွားမည်။

(၁၃) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သောသစ်လုံးကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်သွားမည်။

(၁၄) သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင်သင်တန်းများအပြင် ဘာသာရပ်ဆိုင်ရာသင်တန်းများကိုလည်း လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချသွားမည်။ ပြည်တွင်း/ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအား စေလွှတ်သွားမည်။

၉။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒများမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ ဓာတ်သတ္တုသိုက်များအား ခေတ်မီနည်းပညာဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှုအနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရေးသို့ ရှေးရှုဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေးတို့ကို အားပေးဆောင်ရွက်ရေး၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ ဓာတ်သတ္တုထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့် ဈေးနှုန်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ဓာတ်သတ္တုသယံဇာတပစ္စည်းများ သုံးစွဲရာတွင် ပြည်ပမှတင်သွင်းရသည့် ဓာတ်သတ္တုများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်အစားထိုးရေး၊

(၅) နိုင်ငံတော်၏ လုံခြုံရေးနှင့် စစ်ရေး၌အရေးပါသည့် မဟာဗျူဟာမြောက် ဓာတ်သတ္တုများကို စနစ်တကျထုတ်လုပ်စုဆောင်းထားရှိရေး၊

(၆) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှုမရှိစေရန် အလေးထားဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်များမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) နှစ်စဉ် စီမံကိန်း ရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ်မြေအောက်သယံဇာတ ဓာတ်သတ္တုသိုက်များ တိုးတက်ရှာဖွေထုတ်လုပ်ပြီး နိုင်ငံတော်၏အမျိုးသားဝင်ငွေ တိုးတက်စေရေး အထောက်အကူပြုဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာပူးပေါင်းဆောင်ရွက်ရန်၊

(၃) ဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကပိုင်ဓာတ်သတ္တုမျိုးစုံထုတ်လုပ်ရေးကဏ္ဍဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီနည်းစနစ်များပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၄) မြန်မာနိုင်ငံအတွင်း၌ ကျောက်မျက်ရတနာဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်၍ ရေရှည် တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေ များကို တိုးတက်ရှာဖွေနိုင်ရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်၊

(၅) နိုင်ငံတော်ရှိ ပြည်သူအားလုံး၏ အမျိုးသားကျန်းမာရေးကို အထောက်အကူပြုသည့် အိုင်အိုဒင်းဆားကို လုံလောက်စွာ စားသုံးနိုင်သည်အထိ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက် လာစေရေး ကြီးကြပ်ဖော်ဆောင်ရန်၊

(၆) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီညီ အလေးထားဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေးဆောင်ရွက်သွားမည်။

(၂) အရည်အသွေးပြည့်ဝသော အိုင်အိုဒင်းဆားထုတ်လုပ်မှု တိုးတက်လာစေရန် ဦးတည် ဆောင်ရွက်သွားမည်။

၁၀။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒများမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုကဏ္ဍတွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို အလေးထားဆောင်ရွက်သည့် စက်မှုလုပ်ငန်းများပိုမိုတိုးတက်လာရေး ဆောင်ရွက်ရန်နှင့် စွမ်းအင်သုံးစွဲမှု အကျိုးရှိရှိ ထိရောက်စွာသုံးစွဲရန်အတွက် တွန်းအားပေးဆောင်ရွက်သွားရေး၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရေး၊

(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သည့်နည်းတူ သွင်းကုန် အစားထိုးကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရေး၊

(၄) ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများအတွက် နည်းပညာ၊ ငွေရေး ကြေးရေး၊ လူ့စွမ်းအားအရင်းအမြစ်များကို လိုအပ်ချက်အရ ပံ့ပိုးဆောင်ရွက်ရေး၊

(၅) စက်မှုလုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ်စက်မှုလုပ်ငန်းနယ်ပယ်နှင့် လေကြောင်းနှင့် အာကာသစက်မှုလုပ်ငန်းနယ်ပယ်များတွင် စက်မှုလုပ်ငန်းအရင်းအမြစ်များ၊ အခြေခံစက်မှု လုပ်ငန်းများ၊ ကုန်ထုတ်လုပ်ရောင်းချမှု စီးပွားရေးလုပ်ငန်းများမှရရှိသော ထုတ်လုပ်မှု နည်းစဉ်၊ အတွေ့အကြုံများကို သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုဌာနများက သုတေသန လုပ်ငန်းများ ပေါင်းစပ်၍ အဆင့်မြင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်း အမြစ်များ စဉ်ဆက်မပြတ်ဖြစ်ထွန်းရေး။

(ခ) **ရည်မှန်းချက်များမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရန်၊

(၂) ပြည်တွင်းသယံဇာတများ အခြေခံအသုံးပြုသည့် ကုန်ပစ္စည်းအမည်သစ်များ ထုတ်လုပ် နိုင်ရေးကို ဦးစားပေးဆောင်ရွက်ရန်၊

(၃) အကြီးစားစက်မှုလုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ်စက်မှုလုပ်ငန်းနယ်ပယ်နှင့် လေကြောင်းနှင့် အာကာသစက်မှုလုပ်ငန်းနယ်ပယ်များအတွက် စက်မှုလုပ်ငန်းအရင်းအမြစ်များ၊ အခြေခံစက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ရောင်းချမှု စီးပွားရေးလုပ်ငန်းများမှ ရရှိသော ကုန်ထုတ်လုပ်မှုနည်းစဉ်၊ အတွေ့အကြုံများကို ရရှိနိုင်ရန် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှု ဌာနများ ထူထောင်နိုင်ရန်နှင့် စီမံကိန်းဆိုင်ရာနှင့် ထုတ်လုပ်မှုဆိုင်ရာများ ဆောင်ရွက်နိုင်ရန် လိုအပ်သော အသိပညာရှင်၊ အတတ်ပညာရှင်များ စုဆောင်းရရှိရေး ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) ဒေသတွင်းရှိ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်မည်။

(၂) စက်မှုထုတ်ကုန်ပစ္စည်း အရည်အသွေးတိုးတက်လာရေးအတွက် စံချိန်စံညွှန်းပြည့်မီလာအောင် နည်းလမ်းများ ချမှတ်မည်။

(၃) စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မည်။

(၄) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေးဆိုင်ရာစက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်မည်။

(၅) စက်မှုလုပ်ငန်းများတွင် အလေအလွင့်နည်းပါးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်မည်။

(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးသွားမည်။

၁၁။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒများမှာ** အောက်ပါအတိုင်းဖြစ်သည်-

(၁) ပဉ္စမကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို မြို့နယ်များသို့ သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော် ဓာတ်အားစနစ်အတွင်းရှိ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေးအတွက် နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရေး၊

(၃) မွန်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ဗို့အား အနိမ့်အမြင့်အလိုက်နှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှုအနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရန် ဆောင်ရွက်ရေး၊

(၄) မွန်ပြည်နယ်တွင် မော်လမြိုင်ငန်းတေး ဓာတ်အားပေးစက်ရုံ၊ သထုံဓာတ်အားပေးစက်ရုံများ မောင်းနှင်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်နှင့် ဓာတ်ငွေ့တာဘိုင်စက်များ ကြံ့ခိုင်မှုကောင်းမွန်၍ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရန် ဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်မှာ** အောက်ပါအတိုင်းဖြစ်သည် -

- ပဉ္စမကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော်တည်ဆောက်သွားရန်၊

(ဂ) **လုပ်ငန်းစဉ်များမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) ၃၃ ကေဗွီလိုင်း (၃) လိုင်း၊ ၁၁ ကေဗွီလိုင်း (၁၂) လိုင်း စုစုပေါင်းဓာတ်အားလိုင်း (၁၅) လိုင်း တိုးချဲ့ခြင်းနှင့် အစားထိုးတပ်ဆင်တည်ဆောက်သွားမည်။

(၂) ၃၃ ကေဗွီ ခွဲရုံ (၃) ရုံ တိုးချဲ့တည်ဆောက်သွားမည်။

(၃) ၃၃ ကေဗွီ ခွဲရုံ (၂) ရုံတွင် ကက်ပစီတာဘက်များ တပ်ဆင်သွားမည်။

၁၂။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒများမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) အခြားသော တိုင်းဒေသကြီး/ပြည်နယ်များနှင့် ဆက်သွယ်သည့်လမ်း အဆင့်မြှင့်တင်ရန်၊

(၂) ပြည်နယ်အတွင်းရှိ လက်ရှိကတ္တရာလမ်းပေါ်ရှိ သစ်သားတံတားများ၊ ပိုက်ပြွန်ရေထွက်ပေါက်များကို သံကူကွန်ကရစ်တံတားနှင့် ရောထုတ်ပြွန်များ ဆောက်လုပ်ရန်၊

(၃) ကျေးလက်ဒေသ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်း (၁၀) လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်း၍ လမ်းတံတားအဆင့်မြှင့်တင်ရန်၊

(၄) ဆက်သွယ်သွားလာမှု လျင်မြန်စေရန်အတွက် ကျေးရွာချင်းဆက်လမ်းများအဖြစ် ဘီလင်းမြို့နယ်တွင် မြေသားလမ်း (၁) လမ်း၊ ပေါင်မြို့နယ်တွင် ကျောက်ချောလမ်း (၁) လမ်း၊ ကျိုက်မရောမြို့နယ်တွင် မြေသားလမ်း (၅) လမ်းနှင့် ကျောက်ချောလမ်း (၂) လမ်း၊ သံဖြူဇရပ်မြို့နယ်တွင် ကျောက်ချောလမ်း (၁) လမ်းနှင့် ရေးမြို့နယ်တွင် ကျောက်ချောလမ်း (၁) လမ်း ဆောင်ရွက်ရန်၊

(၅) ကျိုက်မရောမြို့နယ်၊ ကျေးရွာချင်းဆက်လမ်းများတွင် ကွန်ကရစ်တံတားငယ် (၉) စင်း ဆောက်ရွက်ရန်၊

(၆) နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် ပြည်နယ်အတွင်း မြို့ပြနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးရေးဒေသများတွင် အလက (၁) ကျောင်း၊ အမက (၇) ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၄) ခု၊ ကျေးရွာစာကြည့်တိုက် (၉) ခု အသစ်တည်ဆောက်ရန်။

(ခ) **ရည်မှန်းချက်များမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) ကရင်ပြည်နယ်နှင့် ဆက်သွယ်သည့်လမ်းများ၏ လမ်းအဆင့်ကို မြှင့်တင်ရန်နှင့် လမ်းပေါ်ရှိ တံတားများကို အမြဲတမ်းကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ရန်အတွက် ယခင်က ပျက်စီးနေသောတံတားများကို သစ်သားတံတားအဖြစ် ယာဉ်သွားလာနိုင်ရေး ဆောင်ရွက်ရန်၊

(၂) ဆောင်ရွက်ဆဲပြည်နယ်အတွင်းရှိ ပြည်နယ်အစိုးရမှ ဆောင်ရွက်သည့်လမ်းများကို ယာဉ်သွားလမ်း အကျယ် (၁၂) ပေနှင့် တံတားများကို ယာဉ်သွားလမ်းအကျယ် (၂၄) ပေရှိ အမြဲတမ်း တံတားများအဖြစ် ယာဉ်သွားလာနိုင်ရန် ဆောင်ရွက်ရန်၊

(၃) ကျေးလက်လမ်းများတွင် လမ်းအဆင့်မြှင့်တင်ရန် ယာဉ်သွားလမ်းအကျယ်နှင့် လျော်ညီသော အမြဲတမ်းတံတားများအဖြစ် ဆောင်ရွက်ရန်၊

(၄) တံတားများအား ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ရန်၊

(၅) ပြည်နယ်အတွင်းရှိ ပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ်တိုးတက်မြင့်မားလာသည်နှင့် လူမှုစီးပွားရေးဖွံ့ဖြိုးလာစေရန်အတွက် မြို့ပြနှင့်ကျေးလက်များ စနစ်တကျ ဖွံ့ဖြိုးရေး ပြည်သူများ၏စီးပွားရေး တိုးတက်ကောင်းမွန်စေရန်အတွက် စီမံကိန်းများ ရေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(၆) မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းတံတားကဏ္ဍ၊ အိမ်ရာဆောက်လုပ်ရေးကဏ္ဍများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားရေး ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) ကရင်ပြည်နယ်နှင့်ဆက်သွယ်သည့် လမ်း (၂) လမ်း၊ ပြည်နယ်အတွင်း အဓိကကျသည့်လမ်း (၃) လမ်း၊ ချောင်းဆုံမြို့နယ်ရှိ လမ်း (၂) လမ်း၊ အခြားဆောင်ရွက်ဆဲလမ်း (၈) လမ်းကို တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်သွားမည်။

(၂) အမြဲတမ်းတံတားကြီး/ငယ် စုစုပေါင်း (၁၄) စင်းနှင့် သစ်သားတံတား (၂၉) စင်း ဆောင်ရွက်သွားမည်။

(၃) ကျေးလက်လမ်း (၁၀) လမ်း၏ လက်ရှိလမ်းများအား အဆင့်တိုးမြှင့်သွားပြီး တံတား (၃) စင်း ဆောင်ရွက်သွားမည်။

(၄) ကျေးရွာချင်းဆက် မြေသားလမ်းအသစ် (၆) လမ်းဖောက်လုပ်ခြင်း ဆောင်ရွက်သွားမည်။

(၅) မြေသားလမ်း (၅) လမ်းအား ကျောက်ချောလမ်း အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်။

(၆) ကျေးရွာချင်းဆက်လမ်းရှိ ကွန်ကရစ်တံတားငယ် (၉) စင်းအသစ် ဆောင်ရွက်သွားမည်။

၁၃။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒများမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) လေဆိပ်ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ရေး၊

(၂) မြစ်ကြောင်းသွား ရေယာဉ်များ ဘေးအန္တရာယ်လုံခြုံမှုရှိစေရန် ခေတ်မီဆိပ်ကမ်းများ၊ ဆိပ်ခံတံတားတည်ဆောက်နိုင်ရေးနှင့် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ သဘာဝဘေးအန္တရာယ်ကာကွယ်ပေးနိုင်ရန် ဆောင်ရွက်ရေး၊

(၃) အခြားစီးပွားရေးကဏ္ဍများ၏ တိုးချဲ့ထုတ်လုပ်မှုနှင့် လူမှုရေးလိုအပ်ချက်အပေါ် အခြေခံ၍ ပို့ဆောင်ရေးစွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးယာဉ်များ အစားထိုးရန်၊ အင်အားတိုးချဲ့ရန်၊ အခြေခံအဆောက်အဦများကိုလည်း လိုက်လျောညီထွေဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရေး၊

(၄) ပို့ဆောင်ရေးကဏ္ဍတွင် ခေတ်နှင့်အညီ နည်းပညာတိုးတက်လျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို တိုးချဲ့ဆောင်ရွက်ရေး၊

(၅) နိုင်ငံတော်တစ်ဝန်း အမျိုးသားမီးရထားပို့ဆောင်ရေးကွန်ရက် ဖြစ်ထွန်းလာစေရေး၊

(၆) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည်အသွေးမြှင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည်မြင့်တက်လာစေရန် ဆောင်ရွက်ရေး၊

(၇) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ စနစ်တကျကြီးကြပ်ကွပ်ကဲရေး။

(ခ) **ရည်မှန်းချက်များမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေကြောင်း၊ လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏအား နိုင်ငံတော်မှ ချမှတ်သည့် နှစ်စဉ်အသားတင်ထုတ်လုပ်မှုတန်ဖိုး တိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက်ရန်၊

(၂) ရေကြောင်းသွားလာမှု တိုးတက်လာစေရေးအတွက် ရေလမ်းကောင်းမွန်ရေး၊ ရေတိုက်စား ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊

(၃) ပြည်နယ်အတွက် နှစ်စဉ်အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေရေး ဆောင်ရွက်ရန်၊

(၄) နိုင်ငံတကာသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် သင့်လျော်သည့် နိုင်ငံသားများအား လိုအပ်သည့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ လေ့ကျင့် သင်ကြားပို့ချပြီး အလုပ်အကိုင်တိုးမြှင့်ရရှိရေး ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေကြောင်းကဏ္ဍတွင် လျာထားချက်များအတိုင်း မှတ်ပုံတင်သင်္ဘောအရေအတွက် တိုးတက် လာရေးအတွက် လိုအပ်သောစစ်ဆေးမှုများ၊ မှတ်ပုံတင်မဲ့ရေယာဉ်များ၊ လိုင်စင်သက်တမ်းလွန် ရေယာဉ်များကို ဖော်ထုတ်စစ်ဆေးအရေးယူပြီး ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်ရာ အခွန်အခ၊ ဒဏ်ကြေးများ အပြည့်အဝကောက်ခံပြီး နိုင်ငံဝင်ငွေတိုးတက်အောင် ဆောင်ရွက်သွားမည်။

(၂) ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းနှင့် မြို့ရွာများကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ စီမံကိန်းဝင် မြစ်ကူး တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းထိန်းသိမ်းပေးခြင်းလုပ်ငန်းများ၊ မြစ်ရေတင်စက်များ ရေရရှိရေးလုပ်ငန်း၊ ရေလျှံမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေ ဖော်ထုတ်ရေး အတွက် မြစ်ကွေ့ဖြောင့်ခြင်းလုပ်ငန်းများ၊ သောင်တူးရေယာဉ်နှင့် အထောက်အကူပြု ရေယာဉ်သစ်များ ဖြည့်တင်းရေးနှင့် လက်ရှိသုံးစွဲနေသည့် ရေယာဉ်နှင့် ယန္တရားများ ကြံ့ခိုင် စေရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

(၃) လေကြောင်းကဏ္ဍတွင် လေဆိပ်နှင့်လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်းများ၊ လေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လေကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

(၄) မိုးလေဝသလုပ်ငန်းနှင့် ဇလဗေဒလုပ်ငန်းများအတွက် အချိန်ပိုင်းစခန်းများ ဆောက်လုပ်ခြင်း၊ မြေငလျင်တိုင်းထွာရေးအတွက် အခြေခံတိုင်းထွာရေးစခန်းများ ဆောက်လုပ်ခြင်း၊ မုန်တိုင်းပြ ရေဒါစခန်း၊ ဂြိုဟ်တုတိမ်ပုံဖမ်းစခန်း၊ အထူးတိုင်းထွာရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းကို နှစ်အလိုက် ဆောင်ရွက်သွားမည်။

(၅) ရထားလမ်းဟောင်းများအား ဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်း ဆက်စပ်ပစ္စည်းများနှင့် ကွန်ကရစ်ဇလီဖားများ၊ ကွန်ကရစ်တံတားဘောင်များ၊ သံမဏိ တံတားဘောင်များ ထုတ်လုပ်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက် အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်သွားမည်။

(၆) မုတ္တမ ကွန်ကရစ်ဇလီဖားစက်ရုံမှ ကွန်ကရစ်ဇလီဖားများ ထုတ်လုပ်ပြီး မွန်ပြည်နယ်အတွင်းနှင့် တစ်နိုင်ငံလုံးရှိ ရထားလမ်းဟောင်းများနှင့် အသစ်ဖောက်လုပ်မည့် ရထားလမ်းသစ်များတွင် အသုံးပြုသွားမည်။

၁၄။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒများမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍ အနေဖြင့် Public Private Partnership (PPP) ပုံစံဖြင့် ဆောင်ရွက်သွားရန် ရည်မှန်းချက် ထားရှိပြီး ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြုဆောင်ရွက်ရေး၊

(၂) ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲထားရှိပြီးဖြစ်သော ဥပဒေများအပေါ် အတည်ပြု ဆောင်ရွက်ခြင်းနှင့် လိုက်နာကျင့်သုံးရေး၊

(၃) ပြည်တွင်းဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား ပါဝင်ဆောင်ရွက်ခွင့် ပြုမည်ဖြစ်ပြီး IT ကဏ္ဍတွင် နိုင်ငံသားနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု အချိုးအစားမျှတစွာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဆက်လက်ဖန်တီးပေးရေး၊

(၄) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(၅) High Speed Internet Serviceအသုံးချနိုင်ရေးအတွက် ISP များ ထပ်မံတည်ဆောက်ရေးနှင့် နိုင်ငံတကာနှင့် ချိတ်ဆက်ထားသည့် International Bandwidth များ တိုးချဲ့သုံးစွဲနိုင်ရေး။

(ခ) **ရည်မှန်းချက်များမှာ** အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၄. ၇၈ ဆ တိုးတက် ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၂၀၀ ရာခိုင်နှုန်း ဖြစ်ပေါ်လာစေရန်၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်သွားပြီး တယ်လီဖုန်း လုံးရေ (၂၇၄၈၂၇) နှင့် တယ်လီဖုန်းသိပ်သည်းဆ ၈. ၇၆ ရာခိုင်နှုန်းအထိ တိုးတက်စေရန်၊ Internet User ကို (၅၀၀၀) အထိ တိုးတက်စေရန်။

(ဂ) **လုပ်ငန်းစဉ်များမှာ** အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) မိုဘိုင်းတိုးချဲ့ရေး စီမံကိန်းပထမနှစ်လိုင်း (၄) သန်း စီမံကိန်းအရ ပြည်နယ်အတွင်း လိုင်း (၁၉၉၀၀၀) တိုးချဲ့တပ်ဆင်ခြင်းကို ပြီးစီးအောင်ဆောင်ရွက်ပြီး ဒုတိယနှစ် လိုင်း (၅) သန်း စီမံကိန်းအရ ပြည်နယ်အတွင်း သတ်မှတ်ပေးသောလိုင်းများကိုလည်း တစ်ဆက်တစ်စပ်တည်း ဆက်လက်ဆောင်ရွက်မည်။

(၂) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် ပြည်နယ် တွင်း နည်းပညာပြန့်ပွားရေး Center များ ဖွင့်လှစ်ဆောင်ရွက်မည်။

(၃) ပြည်နယ်အတွင်းရှိ မြို့နယ်များအရောက် Fiber Cable ဆက်ကြောင်းများ တည်ဆောက်၍ လုံလောက်သော Bandwidth Capacity ရရှိရေး ဆောင်ရွက်မည်။

(၄) ပြည်နယ်အတွင်းရှိ ချောင်းဆုံ၊ ကျိုက္ခမီမြို့များရှိ ခေတ်ဟောင်းအိတ်ချိန်းများအား စက်ပစ္စည်း အစားထိုးလဲလှယ်ခြင်း ဆောင်ရွက်သွားမည်။

(၅) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ် အမြန်ငွေပို့လွှာလုပ်ငန်းစနစ်အား မော်လမြိုင်စာတိုက်ကြီးတွင် စတင်ဆောင်ရွက်သွားမည်။

(၆) စာပို့တိုက်လုပ်ငန်း၏ ပြည်တွင်းပြည်ပချောပို့ဆောင်ရေးလုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းများကို Public Private Partnership (PPP) ပုံစံဖြင့် ပုဂ္ဂလိကသို့ ဝန်ကြီးဌာန၏မူဝါဒနှင့်အညီ လုပ်ပိုင်ခွင့်များ ခွင့်ပြုပြီး ပူးပေါင်းဆောင်ရွက်သွားမည်။

၁၅။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒမှာ** အောက်ပါအတိုင်းဖြစ်သည် -

- နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍမှ ပိုင်ဆိုင်မှုအလိုက် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့် အသေးစားငွေစုငွေချေးအသင်းများ၏ လုပ်ငန်းများကို တိုးချဲ့ဆောက်ရွက်ရေး။

(ခ) **ရည်မှန်းချက်များမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) သက်ဆိုင်ရာဘဏ်များအလိုက် လုပ်ငန်းများ၊ အပြည့်အဝဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်၏ဝင်ငွေတိုးတက်ရေးအတွက် အတိုးငွေများ အပြည့်အဝပြန်လည်ကောက်ခံရေးနှင့် နိုင်ငံတော်စီးပွားရေး မူဝါဒနှင့်အညီ ပြည်သူများ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေထုတ်ချေးခြင်းကို ဆောင်ရွက်ရန်၊

(၃) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများကို ထုတ်ချေးရန်။

(ဂ) **လုပ်ငန်းစဉ်များမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့အဆင်ပြေစေရေးကို ကြိုးပမ်းဆောင်ရွက်မည်။

(၂) ချေးငွေများ အချိန်မီ စနစ်တကျထုတ်ချေးရေးနှင့် သတ်မှတ်ကာလအတွင်း အပြည့်အဝ ပြန်လည်ကောက်ခံရေးလုပ်ငန်းများကို ဆောင်ရွက်မည်။

(၃) နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်ကဏ္ဍများတွင် အာမခံထားရှိမှုများ ပိုမိုတိုးတက်လာစေရန်နှင့် အကျိုးသက်ရောက်မှုရှိမည့် အခြားအာမခံလုပ်ငန်းအမျိုးအစားများကို တိုးချဲ့ဆောင်ရွက်မည်။

(၄) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဥပဒေ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ချေးငွေထုတ်ချေးရေးကို ဆောင်ရွက်မည်။

(၅) မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းနှင့် သမဝါယမငွေစုငွေချေးအသင်းများမှ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများကို ထုတ်ချေးရေးအတွက် ဆောင်ရွက်မည်။

၁၆။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒများမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) နိုင်ငံတော်အထောက်အကူပြု ပြည်နယ်၏ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) သဘာဝအရင်းအမြစ်မှရရှိသော စွမ်းအင်များကို အသုံးချ၍ သုတေသနလုပ်ငန်းများ တိုးချဲ့ရေး၊

(၄) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေး၊

(၅) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

(၆) အလုပ်သမားများ ကျန်းမာမှုကောင်းမွန်တိုးတက်စေ၍ အလုပ်လုပ်နိုင်သည့်စွမ်းအား မြင့်မားပြီး ကုန်ထုတ်လုပ်မှုတိုးတက်စေရေး၊

(၇) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့် မိသားစုစားဝတ်နေရေးအတွက် ထောက်ပံ့မှု ရရှိစေရေး၊

(၈) အထက်ဖော်ပြပါ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများက မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက်များနှင့်အညီ ဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်များမှာ** အောက်ပါအတိုင်းဖြစ်သည် -

- လူမှုရေးစီမံခန့်ခွဲရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်ထက် ၀.၇ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်သွားရန်။

(ဂ) **လုပ်ငန်းစဉ်မှာ** အောက်ပါအတိုင်းဖြစ်သည် -

- လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ မူဝါဒများအရ စီမံကိန်းကာလအတွင်း ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများဖြင့် ရည်မှန်းချက်များ ပြည့်မီစေရန် ဆောင်ရွက်သွားမည်။

၁၇။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် ငွေရေးခနှင့် အခြားဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) **မူဝါဒမှာ** အောက်ပါအတိုင်းဖြစ်သည် -

- ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ တိုးတက်ဆောင်ရွက်နိုင်သည့်နည်းတူ ငွေရေးခနှင့် အခြားဝန်ဆောင်မှုကဏ္ဍကိုလည်း လိုက်လျောညီထွေတိုးတက်လာစေရေး။

(ခ) **ရည်မှန်းချက်မှာ** အောက်ပါအတိုင်းဖြစ်သည် -

- ငွေရေးခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်ထက် ၁၅. ၄ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်မှာ** အောက်ပါအတိုင်းဖြစ်သည် -

- ပြည်နယ်အတွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍများမှ ငွေရေးခနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ၏ ပိုမိုတိုးတက်သည့် ဝန်ဆောင်မှုပေးနိုင်ခြင်းအပေါ် အခြေခံ၍ စီမံကိန်းရည်မှန်းချက် ပြည့်မီစေရန် ဆောင်ရွက်သွားမည်။

၁၈။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒများမှာ** အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ကုန်တိုးမြှင့်ရန်အတွက် ဦးစားပေးဆောင်ရွက်ရေး၊

(၂) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ်တင်ပို့ရောင်းချရေး၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ပံ့ပိုးကူညီဆောင်ရွက်ရေး၊

(၄) ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပိုလျှံမှုတို့အပေါ် မူတည်၍ ပို့ကုန်၊ သွင်းကုန်များကို ထိန်းညှိခြင်းဖြင့် ကုန်စည်စီးဆင်းမှုနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ထိန်းကျောင်းပေးရေး။

## အခန်း (၅)

## အထွေထွေ

၁၉။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်။

၂၀။ ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ကဏ္ဍအလိုက် စီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို ဘက်ပေါင်းစုံမှအစီအမံများ ချမှတ်ကျင့်သုံး ဆောင်ရွက်ရန်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) အုန်းမြင့်
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့